# အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့ စာနယ်ဇင်း ထုတ်ပြန်ချက်

**နိုဝင်ဘာလ 21 ရက်၊ အင်္ဂါနေ့ 04.00 GMT / ဘန်ကောက်အချိန် 11.00 အထိ တင်းကျပ်သော ပိတ်ဆို့တားမြစ်ထားမှုအောက်တွင်ရှိသည်**

# မြန်မာ - လူသားချင်း စာနာမှုကင်းမဲ့သော လူမျိုးရေးခွဲခြားမှုစနစ် အုပ်ချုပ်မှုအတွင်း ပိတ်မိနေသည့် ရိုဟင်ဂျာများ

- *"လေဟာပြင်အကျဉ်းထောင်" အတွင်း သီးသန့်ခွဲခြားခံ၊ အနိုင်ကျင့်ခံရသည့် ရိုဟင်ဂျာများ*
- *(၂) နှစ်ကြာ စုံစမ်းစစ်ဆေးမှုအရ တွေ့ ရှိရသော လက်ရှိ ရခိုင်ပြည်နယ်ရေး အခြေအနေ၏ အရင်းခံအကြောင်းအရင်းများ*
- *ခွဲခြားဆက်ဆံမှုပြုသည့်စနစ်များကြောင့် လူမျိုးရေးခွဲခြားဆက်ဆံသည့် ပြစ်မှုများဖြစ်ပေါ်လာ*

မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများသည် အစိုးရကိုယ်တိုင်ထောက်ပံ့၊ ပြဋ္ဌာန်းထားသည့် ရက်စက်လှသော လူမျိုးရေးခွဲခြားဆက်ဆံမှုစနစ်အတွင်း ပိတ်မိနေသည်ဟူ၍ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့ (Amnesty International) က ယနေ့တွင် ၎င်း၏ လက်ရှိ ရခိုင်ပြည်နယ်အရေးအခင်းများ၏ အခြေခံအကြောင်းရင်းများအပေါ် အသစ်သော လေ့လာသုံးသပ်ချက်အတွင်း ထွက်ဆိုဖော်ပြခဲ့သည်။

"*အမိုးမရှိ ပိတ်လှောင်ခံထားရခြင်း*" ဟူသည့် အကြောင်းအရာတစ်ခုသည် မကြာသေးခင်ကဖြစ်သော မြန်မာနိုင်ငံ၏ အကြမ်းဖက်မှု လှိုင်းရိုက်ချက်နှင့်အတူ ထင်ရှားပေါ်ထွက်လာခဲ့သည်။ လုံခြုံရေးတပ်များမှ ရိုဟင်ဂျာများအား သတ်ဖြတ်ခဲ့သည်၊ ကျေးရွာများအား မီးရှို့ ဖျက်ဆီးခဲ့ပြီး၊ ရိုဟင်ဂျာလူဦးရေ 600,000 ကျော်အား ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ ထွက်ပြေးစေရန် မောင်းထုတ်ခဲ့သည်။

(၂) နှစ်ကြာ စုံစမ်းစစ်ဆေးမှုများအရ ရခိုင်ပြည်နယ်တွင်နေထိုင်သော ရိုဟင်ဂျာများ၏ ဘဝအား အာဏာပိုင်များမှ မည်ကဲ့သို့ ဘက်ပေါင်းစုံမှ ပြင်းထန်စွာ တားမြစ်ပိတ်ပင်ထားကြောင်း၊ ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးအခွင့်အလမ်းများနှင့် အချို့သော ဇရိယာများတွင်ဆိုလျှင် မိမိတို့ရွာမှ ထွက်ခွာရန်အတွက်ကိုပင်လျှင် ရုန်းကန်ကြရသည့် အိမ်ခြေရာမဲ့ ဘဝသာသာ ရိုဟင်ဂျာများအကြောင်း စသည်တို့ကိုဖော်ထုတ်တွေ့ ရှိခဲ့ရသည်။ လက်ရှိအခြေအနေများကိုကြည့်ရှုလျှင် အချက်တစ်ချက်စီတိုင်း သည် လူမျိုးရေးခွဲခြားဆက်ဆံသော ပြစ်မှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီနေကြောင်း တွေ့ ရှိရပေမည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့ (Amnestiy International) ၏ သုနေသနအဖွဲ့ မှ အကြီးတန်းညွှန်ကြားရေးမှူး တစ်ဦး ဖြစ်သူ Anna Neistat က "မြန်မာ အာဏာပိုင်တွေဟာ ရိုဟင်ဂျာ အမျိုးသမီးတွေ၊ အမျိုးသားတွေနဲ့ ကလေးငယ်တွေကို သီးသန့်ခွဲခြားထားပြီး၊ လူသားမဆန်တဲ့ လူမျိုးရေးခွဲခြားမှုစနစ်တစ်ခုအောက်မှာ ဖိနှိပ်ခြိမ်းခြောက်နေပါတယ်။ သူတို့ဟာ နေ့တိုင်း အခွင့်အရေးတွေ ချိုးဖောက်ခံနေရပြီး၊ ဒီဖိနှိပ်ချုပ်ချယ်မှုဟာ မကြာသေးမီမှိနှစ်ပိုင်းအတွင်းမှသာ ပိုမိုအားပြင်းလာခဲ့တာဖြစ်ပါတယ်" ဟု ဆိုသည်။

"ဒီစနစ်ဟာ ရိုဟင်ဂျာတွေရဲ့ ဘဝကို ဖြစ်နိုင်သမျှ မျှော်လင့်ချက်မဲ့စေပြီး အရှက်ရစေဖို့ ပြုလုပ်ရေးဆွဲထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သုံးလအတွင်း လုံခြုံရေးတပ်ဖွဲ့တွေရဲ့ ရက်စက်လှတဲ့ လူမျိုးတုံး သုတ်သင်ရှင်းလင်းမှု စစ်ဆင်ရေးလှုပ်ရှားမှုလမ်းစဉ်ဟာ ဒီစိတ်ပျက်ဖွယ် သဘောထားရဲ့ နောက်ထပ်သရုပ်မှန်တစ်ခုမျှသာဖြစ်ပါတယ်။

"ဒီအခွင့်အရေးချိုးဖောက်ခံရမှုတွေကို ပြီးခဲ့တဲ့လပိုင်းတွေက သတင်းခေါင်းစဉ်တွေမှာ သိပ်မမြင်တွေ့ရတာ ဖြစ်ကောင်း ဖြစ်နိုင်ပေမဲ့ ဒါတွေဟာ တကယ်ကိုဆိုးရွားခဲ့ပါတယ်။ လက်ရှိ အရေးအခင်းတွေကိုဖြစ်ပေါ်စေတဲ့ အခြေခံအကြောင်းရင်းကို ဖြေရှင်းမှသာ တိုက်ခိုက်အနိုင်ကျင့်မှုစက်ဝန်းကို အဆုံးသတ်နိုင်မှာဖြစ်ပြီး၊ ရိုဟင်ဂျာတွေဟာလည်း သူတို့ရဲ့ အခွင့်အရေးနဲ့ ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားခံရတဲ့ အခြေအနေတစ်ခုကို ပြန်လည်သွားရောက်နိုင်ခြေရှိမှာဖြစ်ပါတယ်။"

**ရခိုင်ပြည်နယ် - လေဟာပြင်အကျဉ်းထောင်တစ်ခု**

ရိုဟင်ဂျာများသည် မြန်မာနိုင်ငံအစိုးရ၏ စနစ်တကျစီစဉ်ပြဋ္ဌာန်းထားသော ခွဲခြားဆက်ဆံမှုအား ဆယ်စုနှစ်ပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပြီး၊ 2012 မှစတင်၍ ဗုဒ္ဓဘာသာ နှင့် မွတ်စလင် လူမှုအသိုင်းအဝိုင်းများအကြား အကြမ်းဖက်မှုများ ဖြစ်ပေါ်ချိန်တွင် အဆိုပါ ဖိနှိပ်ချုပ်ချယ်မှုများ သိသာစွာ ပိုမိုပြင်းထန်လာခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေး အဖွဲ့အစည်း၏ စုံစမ်းစစ်ဆေးမှုများအရ ဖော်ထုတ်တွေ့ ရှိခဲ့ရသည်။

ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများသည် ပြင်ပကမ္ဘာသို့ မထွက်သွားနိုင်ရန် ပိတ်ဆို့ခံထားရပြီး၊ ၎င်းတို့၏ ကျေးရွာ၊ မြို့များအတွင်းတွင် ချုပ်နှောင်ခံထားရသည့်မှ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်အတွက် ပြင်းထန်သော တားမြစ်ပိတ်ပင်ချက်များ ဖြင့် ရင်ဆိုင်နေကြရသည်။ ဤတားမြစ်ပိတ်ပင်ချက်များအား ရှုပ်ထွေးနက်နဲသော အမျိုးသားဥပဒေများ၊ “ဒေသဆိုင်ရာ အမိန့်ထုတ်ပြန်ချက်များ”၊ ပြည်နယ်အလိုက် တာဝန်ရှိသူများမှ အကောင်ထည်ဖော်ဆောင်လျက်ရှိသော မူဝါဒများတို့အားဖြင့် နေရာတကျစီမံထားရာ လူမျိုးရေးခွဲခြားမှု အပြုအမူအား မြင်သာစွာပင် ပြသနေလျက်ရှိပေသည်။

ရခိုင်ပြည်နယ်တစ်ဟုမ်း ထုတ်ပြန်ထားသည့် စည်းကမ်းချက်များအား ကြည့်ရှုလျှင် “နိုင်ငံခြားသားများ” နှင့် “ဘင်္ဂါလီ မျိုးနွယ်များ [ရိုဟင်ဂျာဟူသော အသုံးအနှုန်းအား လက်မခံနိုင်သဖြင့် ခေါ်ဝေါ်သော အသုံးအနှုန်းတစ်မျိုး]” တို့သည် မြို့နယ် တစ်ခုနှင့် တစ်ခုအကြား သွားလာလည်ပတ်ရန်အတွက် အထူးခွင့်ပြုချက်များအား လိုအပ်ကြောင်း အတိအကျ ထုတ်ပြန်သတ်မှတ်ထား သည်။ မကြာသေးမီ နေရာစွန့်ခွာထွက်ပြေးမှုများ မတိုင်မီအထိ ရိုဟင်ဂျာလူမျိုးများ အဓိက နေထိုင်ခဲ့သော ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ပင်လျှင် ကျေးရွာတစ်ခုနှင့်တစ်ခုအကြား သွားလာလည်ပတ်ရန်အတွက် ဥပဒေစနစ်များဖြင့် တင်းကျပ်စွာ ပိတ်ဆို့ကန့်သတ်ထားကြောင်း တွေ့ ရသည်။ လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း ရိုဟင်ဂျာများ အဓိကနေထိုင်သော ဧရိယာများအတွင်းတွင် အာဏာရှင်ဆန်ဆန် အပြင်မထွက်ရအမိန့်ထုတ်ပြန်ချက်များအား တင်းတင်းကျပကျပ် ဆက်လက် ထုတ်ပြန်ထားခဲ့သည်။

ရခိုင်ပြည်နယ် အလယ်ပိုင်းတွင်မူ ရိုဟင်ဂျာများအား ၎င်းတို့၏ ကျေးရွာများနှင့် ပြန်လည်နေရာချထားမှု စခန်းများအတွင်း တင်းကျပ်စွာ ပိတ်လှောင်ထားလျက်ရှိသည်။ အချို့သောဧရိယာများတွင်မူ ၎င်းတို့သည် ကုန်းလမ်းကြောင်းများအား အသုံးပြု ခွင့်မရှိပေ၊ အခြားသော မွတ်စလင်ကျေးရွာများသို့ သွားရောက်ရန်အတွက်သာလျှင် ရေလမ်းအား အသုံးပြုလည်ပတ်နိုင်ပေသည်။

ရခိုင်ပြည်နယ် မြောက်ပိုင်းအတွင်း သွားလာရန် ခွင့်ပြုချက်ရရှိထားသော ရိုဟင်ဂျာများမှာမူ နယ်ခြားစောင့်ရဲများ (BGP) ဖြင့် ခန့်အပ်ထားသည့် စစ်ဆေးရေးဂိတ်များ အမြောက်အများကို ဖြတ်သန်းကြရပြီး၊ အဆိုပါဂိတ်များတွင် ၎င်းတို့သည် စော်ကားအနိုင်ကျင့်ခံရမှု၊ လာဘ်ပေးရန် အတင်းအကျပ်စေခိုင်းခံရမှု၊ ရုပ်ပိုင်းဆိုင်ရာ စော်ကားမှုများ သို့မဟုတ် ဖမ်းဆီးချုပ်နှောင်မှုများကို ပုံမှန်ဆိုသလို တွေ့ ကြုံခံစားကြရသည်။

၎င်းတို့စီးနင်းလာသည့် ဘတ်စ်ကားအား ရဲများမှ ရပ်တန့်ခဲ့ပြီးနောက် ထိုသို့သော အနိုင်ကျင့်ခံရမှုအား မျက်မြင်ကြုံတွေ့ ခဲ့ရသည့် ရိုဟင်ဂျာအမျိုးသားတစ်ဦး၏ အဆိုအရ “အားလုံးပေါင်း ရဲ လေးယောက်ရှိတယ်၊ အဲ့ဒီထဲက နှစ်ယောက်က ယောကျ်ားတွေရဲ့ ကျောကုန်း၊ ပုခုံး နဲ့ ပေါင်တွေကို ကြိမ်လုံးနဲ့ ရိုက်တယ်။ နောက်တစ်ယောက်ကတော့ အမျိုးသမီးတစ်ယောက်ကို သူ့လက်နဲ့ လေးငါးချက်လောက် ရိုက်တယ်။ [...] အဲ့ဒါပြီးတော့ သူတို့ကို ရဲစခန်းကို ခေါ်သွားကြတယ်။”

အစီရင်ခံစာအတွက် သုတေသနလုပ်ငန်းအား ဆောင်ရွက်လျက်ရှိစဉ်ပင်လျှင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့၏ ဝန်ထမ်းတစ်ဦးမှ နယ်ခြားစောင့်တစ်ဦးသည် စစ်ဆေးရေးဂိတ်၌ ရိုဟင်ဂျာအမျိုးသားတစ်ဦးအား ကန်ကျောက်နေသည်ကို မျက်မြင်တွေ့ ရှိခဲ့ရပြီး၊ ထို့ပြင် အသက် 23နှစ်အရွယ် အမျိုးသားတစ်ဦးသည် တားမြစ်ချိန်ပြင်ပ အပြင်ထွက်နေသည်ကို BGP အရာရှိများမှ အသေပစ်ခတ်ခဲ့သော ဥပဒေပြင်ပ သုတ်သင်စီရင်မှု ဖြစ်စဉ်တစ်ခုအားလည်း မှတ်တမ်းတင်ခဲ့ပေသည်။

2012 ခုနှစ် အကြမ်းဖက်မှုကာလအတွင်း ရိုဟင်ဂျာ ထောင်သောင်းချီအား ရခိုင်ပြည်နယ် မြို့ ပြဧရိယာများ၊ အထူးသဖြင့် ပြည်နယ်၏ အဓိကမြို့တော် စစ်တွေမှ မောင်းထုတ်ခဲ့ကြသည်။ ယနေ့တွင်မူ ရိုဟင်ဂျာ 4,000 ခန့်သည် မြို့ထဲ၌ သံဆူးကြိုးများနှင့် စစ်ဆေးရေးဂိတ်များတို့ဖြင့် ပိတ်ဆို့ထားသည့် ဧရိယာအတွင်း အိမ်ခြေရာမဲ့ဆန်ဆန် နေထိုင်ကျန်ရှိလျက်ရှိ ပေသည်။ ၎င်းတို့သည် ထွက်ခွာရန်ကြိုးပမ်းပါက ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖမ်းဆီးမှု သို့မဟုတ် အကြမ်းဖက်ခံရမှုအား ကြုံတွေ့ရနိုင်ခြေ အန္တရာယ်ရှိပေသည်။

**သေမင်းနှုတ်ခမ်းဝမှ ဘဝ**

လှုပ်ရှားသွားလာမှု ကန့်သတ်ချက်များသည် သေမင်းနှုတ်ခမ်းဝသို့ တွန်းပို့ခံနေရသော ရိုဟင်ဂျာ ထောင်သောင်းချီ၏ နေ့စဉ်

ဘ၀အပေါ် စိတ်ကျဉ်းကျပ်ဖွယ်သက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိပေသည်။

ရခိုင်ပြည်နယ်ရှိ ဆေးရုံ၊ ဆေးခန်းများ၏ အရည်အသွေးသည် ယေဘုယျအားဖြင့် ရပ်ရွာအသိုင်းအဝိုင်းအားလုံးအတွက် ညံ့ဖျင်းသောအဆင့်၌ ရှိနေစဉ်တွင် ရိုဟင်ဂျာများသည် ကျန်းမာရေးစောင့်ရှောက်မှု ရယူရန်အတွက်ပင်လျှင် မကြာခဏ အသက်အန္တရာယ်ခြိမ်းခြောက်လျက်ရှိသည့် ပြင်းထန်သော အတားအဆီးများ ရင်ဆိုင်ကြရသည်။

ရိုဟင်ဂျာများသည် အလွန်အမင်း ပြင်းထန်ဆိုးရွားသော အခြေအနေများမှလွဲ၍ ရခိုင်ပြည်နယ်တွင် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှု အရည်အသွေး အမြင့်ဆုံးသော စစ်တွေဆေးရုံသို့ ဝင်ရောက်ခွင့်မရှိပေ။ ဝင်ရောက်ခွင့်ရရှိလျှင်ပင် ရခိုင်ပြည်နယ် အာဏာပိုင်များ ထံမှ ထောက်ခံခွင့်ပြုချက်အား လိုအပ်ပြီး၊ ရဲများ၏ အစောင့်အကြပ်ဖြင့် သွားလာကြရသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းအတွင်းရှိ ရိုဟင်ဂျာအများအပြားအတွက်မူ ၎င်းတို့လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်ရန်မှလွဲ၍ အခြားသော ရွေးချယ်မှု မရှိပေ၊ သို့သော် ဤခရီးစဉ်သည်လည်း အလွန်အမင်း အကုန်အကျများပြားနိုင်ပြီး၊ ချမ်းသာသောမိသားစုများအတွက်သာလျှင် ဖြစ်နိုင်ပေသည်။

အသက် 50 အတွင်းရှိ အမျိုးသားတစ်ဦး၏ အဆိုအရ "ဆေးကုသမှုခံယူဖို့အတွက် စစ်တွေဆေးရုံကို ကျွန်တော် သွားချင်ပါတယ်၊ ဒါပေမဲ့ အဲ့ဒါကို တားမြစ်ထားတယ်၊ ကျွန်တော့်ရဲ့ လုံခြုံရေးအတွက် အဲ့ဒီကို ကျွန်တော်သွားလို့မရဘူးလို့ ဆေးရုံဝန်ထမ်းက ကျွန်တော့ကိုပြောတယ်၊ ပြီးတော့ ဘင်္ဂလားဒေ့ရှ်ကိုသွားပြီး ကုသမှုခံယူဖို့ ကျွန်တော့်ကို ပြောတယ်။ အဲ့ဒါက ငွေကုန်ကြေးကျ အရမ်းများတယ်။ ကျွန်တော့်အစ်ကိုမှာ စပါးခင်းနဲ့ နွားထီးတွေအများကြီးရှိတယ်၊ ဒီသွားလာဖို့ကုန်ကျစရိတ်အတွက် ဒါတွေအချို့ကို သူ ရောင်းခဲ့ရတယ်။ ကျွန်တော်က ကံကောင်းခဲ့တယ်... လူအများစုကတော့ မတတ်နိုင်ကြဘူး၊ ဒါကြောင့် သူတို့က ဒီအတိုင်း သေဆုံးသွားကြရတယ်။"

ရခိုင်ပြည်နယ်မြောက်ပိုင်း၏ ပြင်ပတွင်မူ ရိုဟင်ဂျာများအတွက် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုအချို့သာ ရရှိနိုင်သည်။ ၎င်းနေရာတွင်ပင်လျှင် "မွတ်ဆလင် အဆောင်များ" အား သီးခြား ထားရှိပြီး၊ ရဲများဖြင့် စောင့်ကြပ်ထားသည်။ အကူလုပ်သား တစ်ဦးမှမူ အဆိုပါ အဆောင်ဟာ "အကျဉ်းထောင် ဆေးရုံ" တစ်ခုအဖြစ် ခိုင်းနှိုင်းသုံးနှုန်းထားသည်။

ရိုဟင်ဂျာ တော်တော်များများ၏ ပြောပြချက်အရ ၎င်းတို့သည် မိသားစုဝင်များအား ခေါ်ယူလိုသည့်အခါ သို့မဟုတ် အပြင်ဘက်မှ အစားအသောက်များအား ဝယ်ယူလိုသည့်အခါ ဆေးရုံဝန်ထမ်းများ နှင့် ရဲအစောင့်များအား လာဘ်ထိုးမှုများ ပြုလုပ်ခဲ့ရကြောင်း သိရှိရသည်။ အခြားသူများမှာမူ ဆေးရုံအား ရှောင်ကြဉ်ကြသည် – ဆရာဝန်များ၊ သူနာပြုများ၏ အနိုင်ကျင့်ခံရမည်ကို ကြောက်ရွံ့သောကြောင့်၊ သို့မဟုတ် ၎င်းတို့အား ကုသစောင့်ရှောက်မှု လုံးဝပေးမည်မဟုတ်ဟု  ယူဆလျက်ရှိသောကြောင့် ဖြစ်သည်။

Anna Neistat က "ရိုဟင်ဂျာတွေကို ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုမရအောင် ပိတ်ပင်တာက စက်ဆုပ်ဖို့ကောင်းပါတယ် – ဆေးရုံမှာ အနိုင်ကျင့်ခံ၊ ခြိမ်းခြောက်ခံရတာထက်ဆိုင်ရင် နေအိမ်မှာပဲ သန့်ရှင်းမှုမရှိတဲ့အခြေအနေမှာ ကလေးမွေးမယ်ဆိုတဲ့ အမျိုးသမီးတွေနဲ့ ကျွန်မတို့ စကားပြောဖြစ်ခဲ့ကြပါတယ်" ဟုဆိုသည်။

2012 ခုနှစ်ကတည်းကပင် မြန်မာအာဏာပိုင်များသည် ရိုဟင်ဂျာများ ပညာသင်ယူခွင့်အပေါ် တင်းကျပ်သော စည်းမျဉ်းကန့်သတ်ချက်များ ထားရှိခဲ့သည်။ ရခိုင်ပြည်နယ် အစိတ်အပိုင်းတော်တော်များများတွင် ရိုဟင်ဂျာကလေးများသည် ယခင်ကကဲ့သို့ ရောနှောထားသည့် အစိုးရကျောင်းများ၌ လုံးဝင် တက်ရောက်ခွင့်မရှိတော့ပေ၊ ထို့ပြင် အစိုးရ ဆရာ၊ဆရာမများ သည်လည်း မွတ်စလင်ဇရိယာများသို့ သွားရောက်ရန် ငြင်းဆန်လေ့ရှိကြသည်။

ရိုဟင်ဂျာများအတွက် အဆင့်မြင့် ပညာရေးသင်ယူခွင့်မှာမူ မဖြစ်နိုင်သည့် ဘောင်ကန့်သတ်ချက်တစ်ခုဖြစ်သည် နှင့်အတူ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့အစည်းမှ စကားပြောဆိုခဲ့သည့် လူတော်တော်များများသည် အနာဂတ်နှင့် ပတ်သက်ပြီး စိတ်ပျက်၊ မျှော်လင့်ချက်ကင်းမဲ့နေသည်ကို ထုတ်ဖော်တွေ့ ရှိခဲ့ရသည်။

သွားလာခွင့်များ တင်းကျပ်စွာကန့်သတ်ထားခြင်းသည်လည်း ရိုဟင်ဂျာများအတွက် နေထိုင်စားသောက်ရန်  ရှာဖွေလုပ်ကိုင်မှု၊ သို့မဟုတ် စားပွဲပေါ်အစားအသောက်များရောက်ရှိလာနိုင်ရန် ကြိုးပမ်းအားထုတ်မှုအပေါ် များစွာသော သက်ရောက်မှုများ ရှိပေသည်။ ကုန်ပစ္စည်းများ ရောင်းချသူများအား ကုန်သွယ်လမ်းကြောင်းများ နှင့် ဈေးများမှ တားမြစ်ထားပြီး၊ လယ်သမားများ သည်လည်း မကြာခဏဆိုသလို မိမိတို့၏ လယ်ကွင်းအတွင်း အလုပ်လုပ်ကိုင်ခြင်းမှ တားဆီးခံရတတ်သည်။ သက်ရောက်မှု ရှိသော ဇရိယာများအားကြည့်ရှုလျှင် ရိုဟင်ဂျာများအကြား အဟာရဓာတ်မပြည့်ဝမှု နှင့် ဆင်းရဲမွဲတေမှုအား နိစ္စဓူဝ တွေ့ ရှိရနိုင်ပေသည်၊ လူသားချင်း စာနာထောက်ထားမှု အကူအညီများအား အာဏာပိုင်များမှ ပြင်းထန်စွာ  ကန့်သတ်ထားခြင်းကြောင့်

ဖြစ်ပေါ်လာရသော အခြေအနေတစ်ခုဖြစ်သည်။

အသက် 25 နှစ်အရွယ် ရိုဟင်ဂျာအမျိုးသားတစ်ဦး၏ ပြောဆိုချက်အရ "အခုဆိုရင် အလွန်ခက်ခဲတဲ့အခြေအနေကို ရင်ဆိုင် နေရပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မှာ စားသောက်ဖို့ လုံလုံလောက်လောက် မရှိလို့ပါ။ အချုပ်ခန်း ဒါမှမဟုတ် အကျဉ်းထောင်ထဲ ရောက်နေတာကမှ ပိုပြီး ကောင်းအုံးမယ်၊ အနည်းဆုံးတော့ ပုံမှန် စားသောက်ဖို့ရတယ်လေ။ ဘာပဲပြောပြော ထောင်ထဲမှ နေနေရတာနဲ့လည်း သိပ်မထူးလှပါဘူး" ဟူ၍ ဖွင့်ဟပြောဆိုခဲ့သည်။

အထူးသဖြင့် မွတ်စလင်များအဓိကနေထိုင်သည့် ဒေသများအတွင်း လူလေးဦးထက်ပိုပြီး စုဝေးခြင်းအား တားမြစ်ထားခြင်းသည်လည်း ရိုဟင်ဂျာများ– အများစုမှာ မွတ်စလင်များဖြစ်ကြသည် – အား အတူတကွ စုဝေးဝတ်ပြုခြင်းမှ ထိရောက်စွာ တားမြစ်ထားခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အာဏာပိုင်များသည် ဗလီများအားလည်း ပိတ်ချပစ်ပြီး၊ မွတ်ဆလင်များ၏ ဝတ်ပြုရာနေရာများအား ပျက်စီးဆွေးမြေ့သွားစေရန် ဆောင်ရွက်ခဲ့ကြသည်။

**နိုင်ငံသားဖြစ်ခွင့် ငြင်းပယ်ခံရမှု**

ရိုဟင်ဂျာများအပေါ် ခွဲခြားဆက်ဆံမှုများ ပိုမိုအားကောင်းခိုင်မာလာစေသည့်အချက်မှာ မြန်မာနိုင်ငံအတွင်း ဥပဒေဆိုင်ရာ အခွင့်အရေးများ ကင်းမဲ့နေခြင်းပင်ဖြစ်သည်။ ၎င်းအခြေအနေတွင်မှ ထပ်မံပြီး ခွဲခြားဆက်ဆံမှုပြုသည့် ဥပဒေများ နှင့် ကျင့်သုံးမှုများ၊ အထူးသဖြင့် 1982 နိုင်ငံသားဖြစ်ခွင့်ဆိုင်ရာ အက်ဥပဒေသည် ရိုဟင်ဂျာများ၏ နိုင်ငံသားဖြစ်ခွင့်ကို ထိရောက်စွာ ငြင်းပယ်မှုပြုစေနိုင်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့၏ သုတေသနဆောင်ရွက်မှုအရ ထပ်မံတွေ့ ရှိရသည်မှာ မြန်မာအာဏာပိုင်များသည် ရိုဟင်ဂျာများအား ၎င်းတို့ ပိုင်ဆိုင်သည့် အကန့်အသတ်ရှိသော အထောက်အထားပုံစံများမှပင်လျှင် ရုတ်သိမ်းပယ်ဖျက်ရန် အတွက် စစ်ဆင်ရေးလှုပ်ရှားမှုလမ်းစဉ်အား တမင်ဆောင်ရွက်ခဲ့ကြပုံကို ဖြစ်သည်။ 2016 ခုနှစ်ကတည်းကပင် အစိုးရသည် "အိမ်ထောင်စုစာရင်းများ" – ရိုဟင်ဂျာမိသားစုများအတွက် မြန်မာနိုင်ငံတွင် နေထိုင်ကြောင်း တစ်ခုတည်းသော အထောက်အထား – အတွင်းအသစ်မွေးဖွား သော ရိုဟင်ဂျာ ကလေးများအား စာရင်းသွင်းမှုကို အလွန်တရာ လေးလံဖင့်နွှဲစေခဲ့သည်။ ၎င်းအချိန်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နှစ်စဉ် "လူဦးရေစစ်ဆေးမှုများ" အတွင်း မပါဝင်သူများမှာမူ တတရားဝင်မှတ်တမ်းမှတ်ရာများမှ အတူတကွ ပယ်ဖျက်ခံရနိုင်ခြေအား ရင်ဆိုင်ခဲ့ရသည်။

ဤစစ်ဆင်ရေးလှုပ်ရှားမှုလမ်းစဉ်၏ အကျိုးဆက်တစ်ခုမှာမူ နိုင်ငံမှ စွန့်ခွာထွက်ပြေးခဲ့သည့် ရိုဟင်ဂျာများအတွက် မိမိတို့၏ နေအိမ်သို့ ပြန်လည်သွားရောက်ရန် မဖြစ်နိုင်တော့ခြင်းပင်ဖြစ်သည်။ 2016 နှင့် 2017 ခုနှစ်အတွင်း စစ်တပ်စစ်ဆင်ရေးများကြောင့် ဘင်္ဂလားဒေ့ရှ်အတွင်းသို့ ထွက်ပြေးသွားခဲ့သည့် ရိုဟင်ဂျာ 700,000 နီးပါး မောင်းထုတ်မှုသည် ဤသည်ကို အထူး စိုးရိမ်ဖွယ်ရာ ဖြစ်စေခဲ့သည်။ နေရပ်စွန့်ခွာထွက်ပြေးသူများသည် ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများအတွင်း စိတ်ဓာတ်ကျဖွယ် အခြေအနေများဖြင့် နေထိုင်လျက်ရှိကြသည်။

"ရိုဟင်ဂျာတွေအတွက် အခွင့်ရေးနဲ့ တရားဝင်နေထိုင်ခွင့်ကို ပြန်လည်ရယူပြီး၊ နိုင်ငံရဲ့ ခွဲခြားဆက်ဆံထားတဲ့ နိုင်ငံသားဖြစ်ခွင့် ဥပဒေတွေကို အရေးပေါ် ပြင်ဆင်ဖို့ လိုအပ်နေပါပြီ – နိုင်ငံအတွင်းကျန်ရှိနေသူတွေအတွက်ရော၊ ပြန်လာဖို့ဆန္ဒရှိသူ တွေအတွက်ပါ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကနေ စွန့်ခွာထွက်ပြေးသွားကြတဲ့ ရိုဟင်ဂျာတွေဟာ လူမျိုးရေးခွဲခြားဆက်ဆံမှု စနစ်ကြောင့် ပြန်သွားခိုင်းလို့ မရနိုင်ဘူးဖြစ်နေပါတယ်" ဟု Anna Neistat က ပြောကြားခဲ့သည်။

**လူမျိုးရေးခွဲခြားဆက်ဆံမှုစနစ်အား တစ်စစီဖျက်သိမ်းခြင်း**

ဤသက်သေအထောက်အထားများအား ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုအရ မြန်မာအာဏာပိုင်များ၏ ရိုဟင်ဂျာများအပေါ် ဆက်ဆံမှုသည် လူမျိုးရေးခွဲခြားမှုအထိ ဖြစ်လာပြီဖြစ်ကြောင်း၊ ထို့ပြင် လူမျိုးရေးခွဲခြားမှုဆိုင်ရာ သဘောတူညီချက် နှင့် နိုင်ငံတကာပြစ်မှုခုံရုံး၏ ရောမ ဥပဒေပြဌာန်းချက်တို့အရ လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်မှုတစ်ခုအဖြစ် သတ်မှတ်နိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေး အဖွဲ့အစည်း (Amnesty International) က အဆုံးသတ် ကောက်ချက်ဆွဲခဲ့သည်။

မြန်မာအနေနှင့် ရခိုင်ပြည်နယ်အတွင်းရှိ လူမျိုးရေးခွဲခြားမှုစနစ်အား ဖြိုဖျက်ပစ်ရန်တာဝန်ရှိပြီး၊ လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်မှုတစ်ခုအထိ ဖြစ်ပေါ်လာစေခဲ့သော အပြုအမူများအား ကျူးလွန်ဆောင်ရွက်ခဲ့သူများကိုလည်း တာဝန်ယူစေရမည်ဖြစ်သည်။

"ရခိုင်ပြည်နယ်ဟာ မှုခင်းနေရာတစ်ခုပါပဲ။ ပြီးခဲ့တဲ့သုံးလအတွင်း စစ်တပ်ရဲ့ ရက်စက်လှတဲ့ အကြမ်းဖက်မှု စစ်ဆင်ရေးလှုပ်ရှားမှုလမ်းစဉ် မတိုင်မီ ကတည်းက ရှိနေခဲ့တဲ့ အမှုပါ။ စက်ဆုတ်ဖွယ်ကောင်းတဲ့ ခွဲခြားဆက်ဆံမှုစနစ်တွေ၊ သီးသန့်ပိုင်းခြားထားတာတွေ ဟာ ရိုဟင်ဂျာတွေရဲ့ ဘဝနေထိုင်မှု ရှုထောင့်တိုင်းမှာ စိမ့်ဝင်ပျံ့ နှံ့နေပါတယ်။ အကယ်လို့ ဒါဒါတွေကို ဖြိုဖျက်ပစ်ဖို့ ချက်ချင်း မဆောင်ရွက်ဘူးဆိုရင် စစ်တပ်စစ်ဆင်ရေးလှုပ်ရှားမှုလမ်းစဉ်အဆုံးသတ်သွားပြီးတဲ့နောက်မှာ

ဒါတွေဟာ အတည်တကျ ကျန်ရှိနေတော့မှာ ဖြစ်ပါတယ်” ဟူ၍ Anna Neistat က ပြောကြားခဲ့သည်။

“အာဏာပိုင်တွေအနေနဲ့ ‘လုံခြုံရေး’ အတွက် လိုအပ်တာတွေနဲ့ပတ်သက်ပြီး အလဟဿ ငြင်းခုံနေတာတွေ၊ ဒါမှမဟုတ် ရိုဟင်ဂျာတွေအပေါ် ဆက်လက် ကန့်သတ်ချက်တွေ ထုတ်ပြန်ဖို့ ‘အကြမ်းဖက်တိုက်ခိုက်မှု” တိုက်ဖျက်ချေမှုန်း တာတွေအပေါ် မှီခိုမနေသင့်ပါဘူး။ ဖိနှိပ်ချုပ်ချယ်မှုဟာ ဥပဒေမဲ့ပြီး လုံးဝ မသင့်တော်တဲ့အရာဖြစ်ပါတယ်။ လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်တာဟာ ဘယ်တော့မှ မျှတမှု မရှိနိုင်ပါဘူး - ဒါဟာ ‘လုံခြုံရေးအတွက် ဆောင်ရွက်တာ’ အနေနဲ့ဖြစ်စေ၊ ဒါမှမဟုတ် အခြား အခြေခံအကြောင်းတရားတစ်ခုခုကြောင့် ဆောင်ရွက်တာဖြစ်စေ ဘယ်လိုပဲဖြစ်ဖြစ် မျှတမှု မရှိပါဘူး။”

“နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ ဒီနေ့စဉ် အိမ်မက်ဆိုးကနေ နိုးထပြီး၊ နှစ်ပေါင်းများစွာကြာ ရခိုင်ပြည်နယ်မှ ဖြစ်ပျက်နေတဲ့ လက်တွေ့ အစစ်အမှန်ကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဖွံ့ ဖြိုးတိုးတက်မှုဟာ ပြဿနာဖြေရှင်းမှု အတွက် အရေးကြီးတဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်ပါတယ်၊ ဒါပေမဲ့ ဆက်လက်ပြီး ခွဲခြားဆက်ဆံမှုတွေ အမြစ်တွယ်တည်ရှိနေမယ်ဆိုရင်တော့ ဖြစ်မြောက်လာနိုင်မှာ မဟုတ်ပါဘူး။ နိုင်ငံတကာ လူမှုအသိုင်းအဝိုင်း၊ အထူးသဖြင့် အလှူရှင်တွေအနေနဲ့ မိမိတို့ရဲ့ တစ်စိတ်တစ်ပိုင်း ပါဝင်ဆောင်ရွက်မှုဟာ ဒီချိုးဖောက်မှုတွေကို ပိုပြီးအားပေးအားမြောက်ပြုသလို မဖြစ်စေဖို့ သေချာအောင် ဆောင်ရွက်ဖို့လိုပါတယ်။”

**နောက်ခံအကြောင်းအရင်း - လူမျိုးရေးအခြေခံသည့်ခွဲခြားဆက်ဆံမှုဆိုသည်မှာ အဘယ်သို့နည်း။**

လူမျိုးရေးအခြေခံသောခွဲခြားဆက်ဆံမှု ပြစ်မှုများအား ဖိနှိပ်မှု နှင့် ပြစ်ဒဏ်ပေးမှုဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊ ထို့ပြင် နိုင်ငံတကာပြစ်မှုခုံရုံး၏ ရောမ ဥပဒေပြဌာန်းချက်တို့အရ လူမျိုးရေးခွဲခြားဆက်ဆံမှုဆိုသည်မှာ အာဏာအား ထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် မျိုးနွယ်အုပ်စုတစ်စုမှ အခြားသော မျိုးနွယ်အုပ်စုတစ်ခုခု သို့မဟုတ် မျိုးနွယ်အုပ်စုများအပေါ် စနစ်တကျ ပြဌာန်းဖွဲ့စည်းထားသည့် ဖိနှိပ်မှု၊ လွှမ်းမိုးချုပ်ကိုင်မှုများအားဖြင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်ခြင်းပင်ဖြစ်ပြီး၊ ဤတွင် အမျိုးမျိုးသော ပြုမူဆောင်ရွက်ချက်များပါဝင်ပေသည်။

ဤအကြောင်းအရာနယ်ပယ်အတွင်း ကျူးလွန်သည့် အချို့သော ပြုမူဆောင်ရွက်ချက်များအား လူမျိုးရေးအခြေခံသည့် ခွဲခြား ဆက်ဆံမှုအဖြစ် သတ်မှတ်ထားပြီး၊ ဤတွင် လူသတ်မှု၊ မုဒိန်းမှု နှင့် ညှဥ်းပန်းနှိပ်စက်မှုကဲ့သို့သော မြင်သာထင်ရှားသည့် အကြမ်းဖက်မှုများအပြင်၊ အခြားသော မျိုးနွယ်အုပ်စု သို့မဟုတ် အုပ်စုများအား နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး နှင့် ယဉ်ကျေးမှုအပိုင်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်မှုမှ တားမြစ်ထားပြီး ၎င်းတို့၏ အခြေခံ လူ့အခွင့်အရေးများ နှင့် လွတ်လပ်ခွင့်များအား ငြင်းဆန်ထားသည့် ဥပဒေထုတ်ပြန်မှု၊ စီမံအုပ်ချုပ်မှု နှင့် အခြားသော တမင်ရည်ရွယ် ဆောင်ရွက်ချက်များ တို့လည်း ပါဝင်ပေသည်။ ရခိုင်ပြည်နယ်တွင် တာဝန်ရှိသူများမှ စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာအပါ အဝင် အကြမ်းဖက်မှုပါ ဆောင်ရွက်သည့် ထင်ရှားသော ဥပမာတစ်ခုမှာ ရိုဟင်ဂျာများ၏ လွတ်လပ်စွာ လှုပ်ရှားသွားလာမှုအပေါ် ပြင်းထန်သော ကန့်သတ်ချက်များ ချမှတ်ထားခြင်းဖြစ်ပြီး၊ ဤတွင် ရောမ ဥပဒေပြဌာန်းချက်အရ အဓိပ္ပါယ်ဖွင့်ဆိုထားသော “ရုပ်ပိုင်းဆိုင်ရာ လွတ်လပ်မှု ပြင်းထန်စွာ ချို့တဲ့ဆုံးရှုံးနေမှု” ပြစ်မှုသည်လည်း အပါအဝင်ဖြစ်သည်။

**တည်းဖြတ်သူများထံသို့ မှတ်ချက်**

ဤအစီရင်ခံစာအား ဘန်ကောက်၊ ထိုင်းနိုင်ငံရှိ နိုင်ငံခြားရေးရာ ကလပ် (Foreign Correspondents’ Club) တွင် နိုဝင်ဘာလ 21 ရက်၊ အင်္ဂါနေ့ 11.00 နာရီအချိန်၌ စာနယ်ဇင်းထုတ်ပြန်ချက်ပြုလုပ်မည်ဖြစ်ပါသည်။

ပြန်လည်တုံ့ပြန်ဖြေကြားရန် သို့မဟုတ် အစီရင်ခံစာ၏ မိတ္တူတစ်စောင်အား ကြိုတင် တောင်းဆိုရန်အတွက် ကျေးဇူးပြုပြီး အောက်ဖော်ပြပါထံသို့ ဆက်သွယ်ပါ -

Olof Blomqvist ၊ olof.blomqvist@amnesty.org ၊ + 44 (0) 20 7413 5871 ၊ သို့မဟုတ်

လန်ဒန်၊ ယူကေအခြေစိုက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့ စာနယ်ဇင်းထုတ်ပြန်မှုရုံးခန်း၊ press@amnesty.org ၊ +44 20 7413 5566

/ဆုံး